
# THE INTERNATIONAL DAY OF PRAYER AND AWARENESS AGAINST HUMAN TRAFFICKING



**8 FEBRUARY**
FEAST OF
**SAINT BAKHITA**

A LIGHT AGAINST
**HUMAN TRAFFICKING**

# THE INTERNATIONAL DAY OF PRAYER AND AWARENESS AGAINST HUMAN TRAFFICKING

ဆုတောင်းကြစို့။

ရဟန္တာမ ဂျိုစဖင်းဘာကီးတာ ၊ အရှင်မသည် ကလေးဘဝကစ၍ ကျွန်အဖြစ် ရောင်းစား ခံရပြီး ဖော်မပြနိုင်သော အခက်အခဲများနှင့် ဝေဒနာများ ကို ခံထမ်းခဲ့ရပါသည်။ ကိုယ်ခန္ဓာ ချုပ်နှောင်ခြင်းမှ လွတ်မြောက်သောအခါ၊ အရှင်မသည် ခရစ်တော် နှင့် အမိအသင်းတော် ကို တွေ့ထိခြင်းအားဖြင့် စစ်မှန်သော ကယ်တင်ခြင်း ကိုတွေ့ရှိခဲ့ပါသည်။

အို ရဟန္တာမ ဂျိုစဖင်းဘာကီးတာ၊ ကျွန်ဘဝ၌ ပိတ်လှောင်မိနေသော သူများကို ကူညီမစတော်မူပါ။ ထိုသူတို့ကို ချုပ်နှောင်ထားသော နှောင်ကြိုး များ မှ လွတ်မြောက်စေရန် သနားကြင်နာတတ်သော ဘုရားရှင်ထံ ကြားဖြင်ဆုတောင်းပေးတော်မူပါ။ လူသားများကို ရောင်းဝယ်ဖောက်ကား၊ လူကုန်ကူးနေသူများကြောင့် ခြိမ်းခြောက်ခြင်းခံနေရသူများ၊ နာကြင်ခံစားနေရသူများနှင့် ညှင်းပန်းနှိပ်စက်ခံနေရသူများကို အဘဘုရားရှင်ကိုယ်တော်တိုင် လွတ်မြောက်ခြင်း ပေးရန် ဆုတောင်းပေးတော်မူပါ။ မတရားကျွန်ပြုခံရခြင်းမှ လွတ်မြောက် လာပြီးဖြစ်သော သူများကိုလည်း နှစ်သိမ့်ပေးတော်မူပါ။ နာကြင်ခံစားရမှုများမှ ကုသခြင်းရရန် မျှော်လင့်ခြင်းနှင့် ယုံကြည်ခြင်းတို့၏ စံနမူနာဖြစ်သော ယေရှုးသခင်၌သာ မျက်မှောက်ပြုနိုင်ကြရန် ထိုသူတို့ကို သင်ကြားပေးတော်မူပါ။

အိုအရှင်မ၊ ကျွန်ုပ်တို့သည် သူတပါး၏ နာကြင်ခံစားမှုများကို လျစ်လျူရှုခြင်း မှကင်းဝေး၍ ကျွန်ုပ်တို့ သည် မိမိတို့၏ မျက်စိများကို ဖွင့်ထားပြီး လူ့ဂုဏ်သိက္ခာ နှင့် လွတ်လပ်ခြင်း များကို ခံစားခွင့် မရသော ညီအစ်ကိုမောင်နှမ များ၏ ဒုက္ခဆင်းရဲခြင်းများ နှင့် ဒဏ်ရာများကို မြင်တွေ့ကာ ထိုသူတို့၏ ငိုကြွေးသံများနှင့် အကူအညီတောင်းခံသံများကို ကြားနိုင်ရန် ကျွန်ုပ် တို့ အဖို့ နှင့် ကျွန်ုပ်တို့ ကိုယ်စား ဘုရားသခင်ထံ ဆုတောင်းပေးတော်မူပါ။ အာမင်။